# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာမပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးဖို့ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာတိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးတဲ့နောက် မိမိအမည်ကိုထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ "ကျွန်ုပ် - - - - - - - - - - - - - - - - အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည် ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။"

အားလုံး နေရာပြန်ယူနိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၄.၅၅)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို တင်ပြပါ့မယ်။

ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဘိုးရယ်၊ ကယား(၃)၊ သမီး ကျန်းမာရေး။ ဦးကော်ရိုင်း၊ ကယား(၉)၊ မိသားစုကိစ္စ။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသန်းဆွေ၊ မကွေး(၇)၊ ဆေးကုသမှုခံ။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ဒင်(ခ) ဦးထေးရယ်၊ ကယား(၂)၊ ကျန်းမာရေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကိုတက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးချမ်းသာကိုယ်စိတ်မြဲကြပါစေလို့ ဆုတောင်းရင်းနှုတ်ခွန်းဆက်စကား ပြောကြားမှာဖြစ်ပါတယ်။

ယနေ့ဆိုရင် လွှတ်တော်ရဲ့သက်တမ်းဟာ လပေါင်း(၃၀)နဲ့ (၃)လအတွင်းကို ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ မြန်မာနိုင်ငံ တစ်နံတစ်လျား မတူညီတဲ့ဒေသတွေကနေ မတူညီတဲ့ မျိုးနွယ်စုတွေကို အခြေခံပြီး ဒီမှာ လာရောက်စုပေါင်း အလုပ်လုပ်ကိုင်လျက်ရှိကြပါတယ်။ ဒီလိုလုပ်ကိုင်တဲ့အခါမှာ အတူနေ၊ အတူစား၊ အတူသွား၊ အတူအလုပ်လုပ် ဒါကြောင့် သံယောဇဉ်ဟာ တစ်ရစ်ပြီးတစ်ရစ်၊ တစ်ရစ်ပြီးတစ်ရစ် ရင်းနှီးချစ်ခင် ပျော်ရွှင်နေကြတာကို တွေ့ရတဲ့အတွက် အထူးပဲဝမ်းသာပါတယ်။ ဒါဟာ ပြည်ထောင်စုစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။ ဒီ ပြည်ထောင်စုစိတ်ဓာတ်ကို လွှတ်တော်ကိုယ်စားလှယ်တွေက ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှ မြန်မာနိုင်ငံရဲ့ အနာဂတ်ကာလဟာ တည်ငြိမ်အေးချမ်းပြီးတော့ ဖွံ့ဖြိုးသာယာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ရရှိထားတဲ့ ချစ်ကြည်ရင်းနှီးမှု၊ သံယောဇဉ်တရား ခိုင်မြဲသည်ထက် ခိုင်မြဲအောင် စောင့်ရှောက်ရင်းနဲ့ တိုင်းရင်းသားတွေရဲ့ အရေးကို ဆတက်ထမ်းပိုး ကြိုးပမ်းထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**နေပြည်တော်နှင့်မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် နောက်ထပ်တိုးချဲ့လာမည့် လေကြောင်းလိုင်းများကို အခြေချစေရန် အစီအစဉ် ရှိ/မရှိ၊ လေယာဉ်များ ညဘက်တွင် ပျံသန်းမှု ပြုလုပ်ခွင့်ပြုရန်နှင့် မင်္ဂလာဒုံလေယာဉ်ကွင်း ပတ်လည်တွင် လေယာဉ်ရပ်နားရန် နေရာသစ်များ ထပ်မံတိုးချဲ့ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် က နေပြည်တော်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် နောက်ထပ်တိုးချဲ့လာမည့် လေကြောင်းလိုင်းများကို အခြေချစေရန် အစီအစဉ် ရှိ/မရှိ၊ လေယာဉ်များ ညဘက်တွင် ပျံသန်းမှု ပြုလုပ်ခွင့်ပြုရန်နှင့် မင်္ဂလာဒုံလေယာဉ်ကွင်းပတ်လည်တွင် လေယာဉ်ရပ်နားရန် နေရာသစ်များ ထပ်မံတိုးချဲ့ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းတဲ့ အခါမှာ လေကြောင်းနဲ့ ပတ်သက်တဲ့ အင်္ဂလိပ်စာ အသုံးအနှုန်း အနည်းငယ်ပါခြင်းကို ခွင့်ပြုပေး ပါရန် ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်။

ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ ကျွန်တော်တို့ မင်္ဂလာဒုံလေယာဉ်ကွင်းမှာ လေယာဉ် ရပ်နားတဲ့နေရာ (Air Craft Parking Area) လို့ခေါ် ပါတယ်။ အဲဒီနေရာမှာ ကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့ မနက်လေယာဉ်သွားစီးလို့ ကြည့်လိုက်လို့ရှိရင် လေယာဉ်နေရာ ပြည့်ကျပ်နေတယ်။ တစ်စီးနဲ့ တစ်စီးထပ်ပြီးတော့ ရပ်ထားတာတွေ တွေ့ရတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ Ground Accident တွေ ဖြစ်နိုင်တယ်။ အဲဒီတော့ အဲဒီ Accident တွေ မဖြစ်ပေါ်ရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ အစီအမံများ လုပ်ထားတယ်၊ နောက်တစ်ခါ မင်္ဂလာဒုံ လေယာဉ်ကွင်းမှာပဲ အခြေပြုတဲ့ လေယာဉ်ကုမ္ပဏီတွေများတဲ့ အတွက်ကြောင့် အဲဒီမှာ Air Craft Hangar တွေကလည်း အားလုံးပြည့်နေတယ်။ အဲဒီတော့ သူတို့ စက်ပြင်ဖို့အတွက်တောင်မှ အခက် အခဲတွေ ဖြစ်ပြီးတော့ စက်ပြင်ဆင်တဲ့နေရာမှာ ဟုတ်လား၊ လေယာဉ်ရဲ့ သဘောကတော့ ဝက်အူ လေးတစ်လုံး မကျပ်လိုက်တာနဲ့ ကျွန်တော်တို့ လေယာဉ်တစ်စီးလုံး ပျက်စီးနိုင်တဲ့အထိ ဖြစ်နိုင် တယ်။ ဒါကြောင့်မို့လို့ ဒီ လေယာဉ်ပြင်ဆင်တဲ့ နေရာတွေလည်း မလုံမလောက်ဖြစ်နေတာ ကျွန်တော် တွေ့ရတယ်။ အဲဒါကြောင့်မို့လို့ Accident ဟုတ်လား၊ Accident တွေမဖြစ်ရအောင် ဒီလို မတော်တဆ မှုတွေ မဖြစ်ရအောင်လို့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ ဆောင်ရွက်ထား တယ်ဆိုတဲ့ အချက်များကို ကျွန်တော့်အနေနဲ့ မေးမြန်းလိုခြင်းဖြစ်တယ်။

နောက်တစ်ခါ ကျွန်တော်တို့ ခုန လေကြောင်းလိုင်းတွေ များတယ်လို့ပြောတဲ့ အချိန်မှာ ကျွန်တော်တို့ ယခုလောလောဆယ် မင်္ဂလာဒုံလေယာဉ်ကွင်းကို ဆင်းနေတဲ့ လေကြောင်းလိုင်းတွေ ဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်ပလေကြောင်းလိုင်း(၂၂)ခု ဖြစ်ပါတယ်။ အဲဒါကိုတော့ ကျွန်တော်

ဗဟုသုတအဖြစ် Slide လေးတွေ တစ်ခု ပြင်ဆင်ထားပါတယ်။ Slide.1 အဲဒီတော့ International Flights တွေ ဆိုလို့ရှိရင် Air Asia, Thai Airways, Myanmar Airways International, Golden Myanmar Airlines, Bangkok Airways, Silk Air, Vietnam Airlines, Malaysia Airlines, China Airlines, Air China ပြီးတော့ Dragon Air၊ India Airlines, Air Bagan, Jaster၊ Air India, Qatar Airways, Korea Airlines, All Nippon Airways, Condo Airlines, Singapore Airways, China Easten Airlines, Eva Air စသည်ဖြင့် အားလုံး(၂၂)ခု ရှိပါတယ်။ ပြည်တွင်းဆိုလို့ရှိရင် ကျွန်တော်တို့ Air Bagan, Air Kambawza, Air Mandalay, Asian Wings, Golden Myanmar Airlines, Yangon Airways နဲ့ အခုနေပြည်တော်နဲ့ ဆွဲပေးနေတဲ့ FMI Charter ဆိုပြီးရှိပါတယ်။ အဲဒီတော့ အဲဒီ(၇)ခုနဲ့ ခုန (၂၂)ခုပေါင်းလိုက်ရင် ကျွန်တော်တို့ လေကြောင်းလိုင်းတွေဟာ ရန်ကုန်မှာ ပြည့်ညပ်နေတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနကို အကြံပြုဖို့ ကျွန်တော်ဆောင်ရွက်ထားပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီမေးခွန်းကို အရင်အပတ်ထဲက မေးမြန်းရန်အတွက် ပြင်ဆင်ထားခဲ့လို့ အခုတော့ တော်တော်များများ လည်း ပို့ဆောင်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အကြံပြုချင်တာကတော့ ကျွန်တော်တို့ လေကြောင်း လိုင်းတွေဟာ ရန်ကုန်မှာပဲ စုပြုံမထားဘဲနဲ့ တချို့လေကြောင်းလိုင်းတွေကို ကျွန်တော့်အနေနဲ့ အကြံပြုချင်တာက ဥပမာအားဖြင့် နေပြည်တော်နေရာကို အခြေပြုဖို့၊ တချို့လေကြောင်းလိုင်းတွေ ကိုလည်း မန္တလေးလိုနေရာတွေ၊ အဲဒီမှာ International Airport တွေလည်း ရှိပါတယ်။ အဲဒီ နေရာမှာ အခြေပြုဖို့၊ ဒီလို အခြေပြုခြင်းအားဖြင့် တချို့ခရီးသည်တွေကလည်း ရန်ကုန်လာချင်တာ မဟုတ်ဘူး။ တကယ်တော့ မန္တလေး၊ ပုဂံ၊ ညောင်ဦး ဒီကိုသွားချင်တာ၊ အဲဒါကြောင့် မန္တလေးကို တိုက်ရိုက် ဆင်းလို့ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုကတော့ တချို့လည်း နေပြည်တော်ကို အစည်းအဝေးတက်ဖို့ လာချင်ကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အဲဒီတုန်းက တင်ခဲ့တာပါ၊ အခုတော့ တချို့ Airline တွေကို၊ ဒါတော့ ဒုတိယဝန်ကြီးက ပိုပြီးတော့ ပြည့်ပြည့်စုံစုံ တင်ပြနိုင်မှာပါ။ ရန်ကုန်အပြင် မန္တလေးနဲ့ နေပြည်တော်မှာလည်း အခြေချဖို့ လုပ်နေတာ တွေ့ရပါတယ်။ နောက် တစ်နည်း ကျွန်တော်အကြံပြုချင်တာကတော့ မင်္ဂလာဒုံလေယာဉ်ကွင်းမှာ နေရာတွေအများကြီး ရှိပါ သေးတယ်။ နောက်ထပ် Parking Area, လေယာဉ်ကွင်းကြီးပတ်လည်မှာ အဲဒီနေရာတွေမှာ ဟုတ်လား၊ သင့်တော်တဲ့ နေရာတွေမှာ Parking Area တွေ ထပ်ချဲ့လို့ရှိရင်လည်း ကျွန်တော်တို့ လေကြောင်းလိုင်းတွေရဲ့ လေယာဉ်ပျံထားသိုမှု၊ လေယာဉ်ပြင်ဆင်ဖို့ Hangar တွေကို ချောင်ချောင် ချိချိ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒါ ဒုတိယ အကြံပြုချက်၊ တတိယ အကြံပြုချက်ကတော့ နိုင်ငံတကာမှာ ဆိုရင်တော့ လေယာဉ်တွေက (၂၄)နာရီ ပျံပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဆီမှာ တော့ ညပျံသန်းမှုက အင်မတန်နည်းပါတယ်။ အဲဒီတော့ ညမှာပျံသန်းခွင့်ပေးလို့ရှိရင် နေ့ဘက်မှာ လေယာဉ်တွေဟာ နည်းနည်း Parking ရော၊ Flight Schedule တွေရော နည်းနည်း ချောင်ချောင် ချိချိ ဖြစ်သွားနိုင်ပါတယ်။ အဲဒီတော့ အဲဒီအချက်(၃)ချက်ကို ကျွန်တော်က အကြံပြုချင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့် မေးခွန်းကတော့ ဟုတ်လား လေယာဉ်အရေအတွက်တွေဟာ မင်္ဂလာဒုံလေဆိပ်မှာ များတဲ့အတွက်ကြောင့် မြေပြင်မှာ လေယာဉ်မတော်တဆမှုမျိုး ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ နေပြည်တော်နဲ့ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေကြောင်းလိုင်းအချို့ အခြေချဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ၊ နောက်တစ်ခါ လေကြောင်းခရီးသွား ပြည်သူများ နောက်တစ်ခါ ညဘက်မှာ ပျံသန်းမှုများ ပေးနိုင်/မပေးနိုင်၊ နောက် မင်္ဂလာဒုံလေဆိပ်ရဲ့ ပတ်လည်မှာ ကျွန်တော်တို့ Parking Area တွေ တိုးချဲ့ဖို့ အစီအစဉ် ရှိ/မရှိ ကျွန်တော့်အနေနဲ့ သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၈။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် မေးမြန်းထားတဲ့ မေးခွန်းနဲ့ ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဟံစိန် မှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ခုန အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ပြောကြားသွားသလိုပဲ ရန်ကုန်လေဆိပ်က လေယာဉ်ပျံတွေ ပြည့်ကျပ်နေတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေနဲ့လည်း ဒါနဲ့ပတ်သက်ပြီး ခုန အန္တရာယ်ဖြစ်မယ့် ကိစ္စတွေလည်း စိုးရိမ်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း လိုအပ်တာတွေလည်း ဆောင်ရွက်ပါတယ်။ အဓိကဆောင်ရွက်တဲ့ အနေနဲ့ကတော့ ကျွန်တော်တို့ ပြည်တွင်းလေကြောင်းလိုင်းများကို ရန်ကုန်မှာ အခြေပြုမယ် ဆိုရင်တော့ ထပ်မံတိုးချဲ့ခွင့် မပြုတော့ဘဲနဲ့ ကျွန်တော်တို့က မန္တလေး၊ နေပြည်တော်မှာ အခြေပြုဖို့ဆိုပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ အခြေပြုမယ့် FMI Airlines နဲ့ APEX Airlines ၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ အခြေပြုမယ့် မန်းရတနာပုံ လေကြောင်းလိုင်းနဲ့ SAGA Airlines တို့တည်ထောင်လုပ်ကိုင် ဆောင်ရွက်ဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နောက် ကျွန်တော်တို့ ရန်ကုန်လေဆိပ်မှာ ကျပ်လာတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ရန်ကုန်လေဆိပ် ဒီ ညအချိန် ပျံသန်းဆင်းသက်ဖို့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ မန္တလေးအပြည်ပြည်ဆိုင်ရာ

လေဆိပ်တွေမှာ Night Landing Facilities တပ်ဆင်ထားပြီးတော့ ညဘက် ကောင်းစွာ တက်နိုင်၊ ဆင်းနိုင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအချိန်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းတွေဖြစ်တဲ့ Myanmar Airways Int'l, Thai Airways int'l, Bangkok Airways, Silk Air, Golden Myanmar Airlines, Air India, Hong Kong Dragon Airlines, Vietnam Airlines, Korean Air, Asiana Airlines, All Nippon Airways စတဲ့ လေကြောင်းလိုင်းတွေကနေပြီးတော့ ညအချိန် ဆင်းသက်ပျံသန်းလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နောက် ကျွန်တော်တို့ ရန်ကုန်လေဆိပ်ပတ်ဝန်းကျင်မှာ ကျွန်တော်တို့ လေယာဥ် Parking နေရာတွေ တိုးချဲ့ဖို့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ တိုးတက်များပြားလာတဲ့ ခရီးသည်တွေကို လုံလောက်တဲ့ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ခွင့်အတွက် တင်ဒါစနစ်နဲ့ ကျွန်တော်တို့ ခေါ်ယူခဲ့တဲ့အခါမှာ Pioneer Aerodrome Services Consortium ကို ပထမဦးစားပေးအဖြစ်နဲ့လည်းကောင်း၊ Yongnam - CAPE - JEC Consortium ကို အရန်အဖြစ်လည်းကောင်း ရွေးချယ်ထားပြီးတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ နိုင်ငံပိုင်သတင်းစာများမှာ ဒီလိုရွေးချယ်ဆောင်ရွက်နေပြီဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာပြီး ဖြစ်ပါတယ်။ အဲဒီမှာ ဦးစားပေးအဖြစ်ရွေးချယ်ထားတဲ့ Pioneer Aerodrome Services Consortium နဲ့ လည်း လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်ဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်သွားမယ်ဆိုရင်တော့ ခုနက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် မေးမြန်းထားတဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဒီ Parking Area နဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ထားမှုကို ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်အတွင်းမှ အောင်မြင်မှုမရှိသော မြစ်ရေတင်စီမံကိန်းများနှင့် စပ်လျဥ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်အတွင်းမှ အောင်မြင်မှုမရှိသော မြစ်ရေတင် စီမံကိန်းများနှင့် စပ်လျဥ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စု အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော်လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် မေးမြန်းခွင့်ရတဲ့ အခု ဒီမြန်အောင်မြို့နယ်အတွင်းက အောင်မြင်ခြင်းမရှိတဲ့ မြစ်ရေတင်စီမံကိန်း(၃)ခုနဲ့ ပတ်သက်တဲ့ မေးခွန်းဟာ သတ္တမအကြိမ်ပုံမှန်မှာ တင်ခဲ့ပေမယ့် မေးခွန်းများ အလွန်ကျပ်တဲ့အတွက်ကြောင့်၊ အခုအချိန်မှာ မေးခွင့်ပြုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ် (၂)မြို့နယ်ဟာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှာ ပါပါတယ်။ ဧရာဝတီတိုင်းရဲ့ မြောက်ဘက်ကျတဲ့၊ မြောက်ဘက်ဆုံးဖြစ်တဲ့ မြို့နှစ်မြို့ဖြစ်တဲ့ အားလျော်စွာ မိုးရေလက်မ နည်းပါတယ်။ ဒါကြောင့်မိုလို့ သူက မိုးနည်းတဲ့ဒေသထဲမှာ ပါပါတယ်။ ဒါကြောင့် ယခင်က၊ ယခင် အစိုးရများလက်ထက်က ဒီစပါးတစ်သီးအပြင် စိုက်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့် အဲဒီဒေသက ကျေးလက်တောင်သူများဟာ ဆင်းရဲပါတယ်။ ဒါကို ပြီးခဲ့တဲ့ တပ်မတော်အစိုးရ လက်ထက်မှာ အမြော်အမြင်ရှိရှိနဲ့ အစီအမံတကျဆောင်ရွက်သွားတာတွေ ရှိပါတယ်။

ကျွန်တော်တို့ မြေပုံကို ကြည့်လိုက်ရင် လမ်းဟာ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်းလမ်းဟာ တောင်မြောက်သွားတာ ဖြစ်တဲ့အတွက်ကြောင့် မြောက်ဘက်ကို မျက်နှာမူပြီး ကြည့်မယ်ဆိုရင် ကားလမ်းရဲ့ ဘယ်ဘက်မှာ တောင်တွေရှိတဲ့ အတွက်ကြောင့် အဲဒီကနေရတဲ့ ရေကို ဆည်၊ တမံများဆောက်ပြီးတော့ အဲဒီဘက်အခြမ်းက စိုက်ပျိုးရေရအောင် စီစဉ်ပေးပါတယ်။ လက်ယာဘက်ကကျတော့ မြစ်နဲ့နီးတဲ့ အတွက်ကြောင့် အဲဒီက မြစ်ရေတင်စီမံကိန်းနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကြံခင်းမှာဆိုလို့ရှိရင် ကွန်ချောင်းတမံရှိပြီးတော့ သူကတော့ မြစ်ရေတင်စီမံချက် မရှိပါဘူး။ မြန်အောင်ကတော့ ကညင်နဲ့ မမြဆည် (၂)ခုရှိပြီးတော့ မြစ်နဲ့နီးတဲ့ မော်တော်ကားလမ်းရဲ့ လက်ယာဘက်ခြမ်းမှာတော့ မြစ်ကျိုး၊ ကန်ဇွန်းခုံ၊ ငပိဆိပ် ဆိုပြီးတော့ မြစ်ရေတင်စီမံကိန်း(၃)ခုရှိပါတယ်။ မြစ်ကျိုးဆိုတဲ့နေရာဟာ အဲဒီနေရာ မဟုတ်ပါဘူး။ နာမည်ကတော့ ပါလာတယ်။ ဒါပေမဲ့ အဲဒီနာမည်ဟာ နဂိုတုန်းက ကြံခင်းနဲ့ မြန်အောင် နှစ်ခုကြားမှာရှိတဲ့ ဖားတစ်ရှဉ်းတံတားထိပ်နားက မြစ်ကျိုးကျေးရွာအုပ်စုမှာ ရည်မှန်းတဲ့အတွက်ကြောင့် မြစ်ကျိုးစီမံကိန်းလို့ ခေါ်နေပေမယ့် တကယ်ဆောက်ထားတဲ့ နေရာကတော့ ဟိုနေရာနဲ့ နည်းနည်းအလှမ်းဝေးတဲ့ ကျွန်တော်တို့ ကုန်းတစ်လုံးဒေသမှာ ရှိပါတယ်။

အဲဒီမြစ်ကျိုးစီမံကိန်းရယ် သူ့အောက်ကို ဆင်းလာလို့ရှိရင် ကန်ဇွန်းခုံစီမံကိန်းရယ် အောက်ဆုံးမှာ ငပိဆိပ်ဆိုပြီး မြန်အောင်မြို့နယ်ထဲမှာ မြစ်ရေတင်စီမံကိန်း(၃)ခုဟာ အပြိုင်ဖြစ်ပါတယ်။ ငပိဆိပ်အောက်မှာတော့ ရွှေကျင်၊ ရွှေကျင်ပြီးရင်တော့ အင်္ဂပူမြို့နယ်နဲ့ ကူးသွားမှာ ဖြစ်ပါတယ်။ အဲဒီ မြစ်ရေတင် စီမံကိန်း(၃)ခုဟာ ဆောင်ရွက်တုန်းကတော့ ရည်ရွယ်ချက်လည်း ကောင်းတယ်။ အဲဒီ အချိန်တုန်းက မြစ်ရဲ့အနေအထားအရလည်း မှန်တယ်။ သို့သော် မြစ်ဟာအမြဲမြစ်ကြောင်းပြောင်းတယ်။ မြစ်ရဲ့အနေအထား ပျက်စီးတဲ့အတွက်ကြောင့် ကျွန်တော် ယခင် ဆွေးနွေးခဲ့တဲ့ Ayeyawady River Commission ဖွဲ့ဖို့ ဆွေးနွေးခဲ့တုန်းက ထောက်ခံဆွေးနွေးခဲ့သလိုပါပဲ။

မြစ်ရဲ့အနေအထားက ယခုပျက်နေပါတယ်။ ဘယ်လိုပျက်သလဲဆိုတော့ အဲဒီ(၃)ခုထဲမှာ ပထမဆုံး ဖြစ်တဲ့ မြစ်ကျိုးဟာ မြစ်ရေတင်စီမံကိန်းရဲ့ သဘောက မြစ်ထဲမှာ ကမ်းပါးချောက်အောက်မှာ Pontoon ပေါ့။ ကျွန်တော်တို့ ဖောင်ကိုချထားပြီး အဲဒီအပေါ်မှာ ရေစုပ်စက်နဲ့ အမြင့်တင် စက်နဲ့ တွန်းပြီး အပေါ်ကို တင်တာဖြစ်ပါတယ်။ ရေငြိမ်ကန်ကတစ်ဆင့် ရေမြောင်းများနဲ့ လယ်ထဲကိုပို့တာ ဖြစ်ပါတယ်။ အဲဒီရေတင် Pontoon ရဲ့ ရှေ့မှာ သောင်စထွန်းပါတယ်။

အဲဒါကို မြစ်ကြောင်းထိန်းသိမ်းခြင်း မပြုနိုင်တဲ့ အတွက်ကြောင့် အဲဒီသောင်ဟာ အခု အရှေ့ကို မိုင်ဝက်ကျော်ကျော် ရှိနေပါတယ်။ မိုင်ဝက်ကျော်ကျော် ဆိုတော့ ရေဘယ်လိုမှ စုပ်လို့ မရတဲ့အတွက်ကြောင့် ယခုလက်ရှိဆိုရင် မြစ်ကျိုးမြစ်ရေတင် စီမံကိန်းဟာ သွားကြည့်ရင် စက်တွေ အကုန်ဖြုတ်ထားပြီးပါပြီ။ ပိုက်တွေ အကုန်ဖြုတ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ဒါကို မအောင်မြင်ဘူးဆိုတဲ့စကားကို သုံးခြင်းဖြစ်ပါတယ်။ ဒုတိယ ကန်ဇွန်းခုံကတော့ ယနေ့တိုင် ရေပေး နေပါတယ်လို့။ သို့သော်သူလည်းပဲ ကျွန်တော် Slide နဲ့ တင်ပြခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော် အားလုံးရှင်းအောင် တင်ပြထားတာ ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့(၃)ခုပါ။ ပထမဆုံးက မြစ်ကျိုး မြစ်ရေတင်စီမံကိန်း ဖြစ်ပါတယ်။ စာလုံးကတော့ နည်းနည်းသေးနေလို့ ဖြစ်ပါတယ်။ သူက ၂၀၀၅ ခုနှစ်က စပါတယ်။ ကုန်ကျငွေကတော့ (2.7)Billion လောက် မြန်မာငွေ ကုန်ပါတယ်။ U.S$ ဆို (၁.၀၅)သန်းလောက် ကုန်ပါတယ်။ ဧကတစ်သောင်း ရည်မှန်းပါတယ်။ ဒါပေမဲ့ ၂၀၀၈-၂၀၀၉ လောက်က စပေးတာတော့ ဧက(၃၀၀)လောက်ကို စပါးအတွက်ပေးတယ်။ ၂၀၀၉-၂၀၁၀ မှာ စပါး (၃၀၀)၊ ဝါ(၅)ဧကပေးတယ်။ နောက်၂၀၁၀-၂၀၁၁ မှာတော့ ဧက(၁၅၀)လောက်ပဲ ပေးနိုင်တော့ တယ်။ ရည်မှန်းတာက တစ်သောင်း၊ ပေးနိုင်တာက ရာဂဏန်းဆိုတော့ ဒါတော်တော်လေး အခြေ အနေကွာပါတယ်။ လုပ်ငန်းပြီးစီးမှု (၆၀)ရာခိုင်နှုန်း ဆိုတာကတော့ မြောင်းတွေမပြီးနိုင်ပါဘူး။ မြောင်းတွေဆက်မလုပ်နိုင်တဲ့ အတွက်ကြောင့် အခုလိုမအောင်မြင်ခြင်း ဖြစ်ပါတယ်။

ဒုတိယတစ်ခုကတော့ ငပိဆိပ် ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်ကစပါတယ်။ သန်းပေါင်း(၆၀၀) ကျော်ကုန်ပါတယ်။ USDA ကတော့ (၃.၂၉)သိန်းလောက် ကုန်ပါတယ်။ ဧက(၇၀၀၀) မှန်းပါတယ်။ သူလည်းပဲ ဧက(၁၀၀)ကျော်ပဲ စပါးပေးနိုင်ပါတယ်။ ဆောင်ရွက်ချက်ကတော့ ရာနှုန်းပြည့် ပြီးပါ တယ်။ ကန်ဇွန်းခုံ မြစ်ရေတင်စီမံကိန်းက ၂၀၀၃ ခုလောက်ကစပါတယ်။ (၁.၁၃၉) ဘီလီယံ လောက် ကုန်ပါတယ်။ U.S $ နှစ်သိန်းခြောက်သောင်းလောက် ပါပါတယ်။ ဧက(၅၀၀၀) ရည်မှန်းလျာ ထားပြီးတော့ လက်တွေ့တော့ ၂၀၀၅-၂၀၀၆ နောက်ပိုင်းကို ဧက(၃၀၀)လောက်ကို စပါးအတွက် ပေးပါတယ်။ သူလည်းပဲ Construction ပိုင်းကတော့ ရာနှုန်းပြည့်ပြီးတယ်လို့ ဆိုပါတယ်။

ဒုတိယ Slide ဖြစ်ပါတယ်။ နောက် Slide မှာတော့ ကျွန်တော်တို့ ဘာပြထားသလဲ ဆိုလို့ ရှိရင် လက်ရှိအခြေအနေ(၃)ခုကို ပြောထားပါတယ်။ အဲဒီ မြစ်ကျိုးမြစ်ရေတင် စီမံကိန်းဟာ မပြီး သေးတာတော့ မှန်တယ်။ ၂၀၀၈-၂၀၀၉ ကစပြီး Gasifier နဲ့ ပေးတယ်။ (၃)နှစ်ပေးခဲ့တယ်။ အခုတော့ စက်ရုံရှေ့မှာ သောင်ထွန်းလို့ မပေးနိုင်တော့ဘူး။ ဘတ်ဂျက်လည်း သူတို့ မတင်နိုင်တော့ဘူး။ ရပ်နားထားတယ်။ ဒါကို ဖြုတ်သိမ်းရန် သင့်၊ မသင့် Survey လုပ်နေတယ်လို့ ကျွန်တော်တို့ သိရ ပါတယ်။ ငပိဆိပ်ကတော့ ၂၀၀၇-၂၀၀၈ ခုနှစ်မှာပြီးတယ်။ ၂၀၀၄-၂၀၀၅ လောက်က စပြီးတော့ 11 KV လိုင်းကရယူပြီး ရေပေးခဲ့တယ်။ ၂၀၀၄-၂၀၀၅ မှာတော့ စပေးနိုင်တဲ့ စက်နှစ်လုံးနဲ့ ရေပေး

တယ်။ ၂၀၁၁-၂၀၁၂ မှာ (၆၆)ကေဗွီလိုင်း သီးခြားဆွဲနိုင်တယ်။ ရေပေးတော့ ဧက(၆၀၀) ပေးတယ်လို့ ပြထားပေမယ့် သူ တကယ်တမ်းတော့ ဧက(၆၀၀)ပြည့်အောင် မပေးနိုင်ပါဘူး။ မပေးနိုင်ဘူးဆိုတာ Affective မဖြစ်ဘူး။ ဘာကြောင့်လဲဆိုတော့ ရေတင်မြောင်းတွေဟာ မလုံလို့၊ မလုံလို့ ပျက်စီးတဲ့ အတွက်ကြောင့် ရေတွေဟာ လိုချင်သလောက် မရပါဘူး။ ဒါပေမဲ့ ထုံးစံအတိုင်းပဲ EPC ကလည်း တစ်ပြားမှ မလျှော့တဲ့အတွက်ကြောင့် လစဉ်မီတာ စောင့်ရှောက်ခနဲ့၊ မီတာ ထိန်းသိမ်းခနဲ့ မီတာခဟာ တစ်လကို (၁၂)သိန်းလောက် ပေးရတယ်ဆိုတာ သိရပါတယ်။

နောက် ကန်ဇွန်းခုံစီမံကိန်းက ၂၀၀၅-၂၀၀၆ ဖြစ်ပါတယ်။ အဆောက်အဦပိုင်းဆိုင်ရာ ပြီးပါတယ်။ ဒီဇယ်နဲ့ စပေးပါတယ်။ တစ်ရာသီပေးပြီး ရပ်ထားပါတယ်။ ၂၀၁၁-၂၀၁၂ မှာတော့ လျှပ်စစ်လိုင်းပြီးတဲ့အတွက်ကြောင့်မိုလို့ ဧက(၅၀၀)ပေးရန်လျာထားပါတယ်။ သို့သော်ငြားလည်းပဲ စောစောကတင်ပြခဲ့သလိုပဲ ဧက(၃၀၀)ခန့်တော့ လက်တွေ့ပေးနိုင်တာ တွေ့ရပါတယ်။ ဆိုတော့ (၃) ခုကို ကြည့်လိုက်ရင် (၃)ခုဟာ တစ်သောင်းရယ်၊ ခုနှစ်ထောင်ရယ်၊ ငါးထောင်ရယ်ဆိုတော့ နှစ်သောင်းနှစ်ထောင်ပေးဖို့ လျာထားတာ ဖြစ်ပါတယ်။ တကယ်လက်တွေ့ ပေးတာကတော့ (၁၀၀၀)အောက် ဖြစ်တဲ့အတွက်ကြောင့် သူဟာ နှစ်ဆယ့်နှစ်ပုံ တစ်ပုံလောက်တော့ ပေးနိုင်တယ်ဆိုတဲ့ အတွက်ကြောင့် ရာခိုင်နှုန်း အလွန်နည်းပါတယ်။ ဧက(၅၀၀၀)အောက်က တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရက စီမံခန့်ခွဲပြီးတော့ ဧက(၅၀၀၀)အထက်က လည်/ဆည်ပြည်ထောင်စုက စီမံခန့်ခွဲတာ ဖြစ်တဲ့အတွက်ကြောင့် ဒီမှာ ကျွန်တော် မေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြခဲ့တဲ့ အခြေအနေတွေဆိုရင် ဖြုတ်သိမ်းတဲ့ဟာလည်း ဖြုတ်သိမ်းနေပြီ။ အောက်ဆုံးဖြစ်တဲ့ ငပိဆိပ်ကလည်း နောက်ထပ် သောင်ထပ်ထွန်းပါပြီ။ အဲဒီ သောင်ဟာ (၃)ဖာလုံကျော်သွားပါပြီ။ ကျွန်တော် ဓာတ်ပုံဆင်းရိုက်ထားတာတွေ ရှိပါတယ်။ ဒါကြောင့် ဒါဆိုရင်တော့ ရည်ရွယ်ချက် မအောင်မြင်ဘူးလို့ပဲ ပြောရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအထဲမှာလည်း မြောင်းကြီးတွေဟာ အကုန်လုံး သစ်ပင်ခြုံနွယ်တွေ ပိတ်ပြီးတော့ ရေမရတဲ့ အတွက်ကြောင့် လယ်သမားတွေဘက်က ဘာအသံထွက်သလဲဆိုတော့ ဆောင်ရွက်ပေးတာကို ကျေးဇူးတင်ရှိရမယ့်အစား လယ်သားဆုံးရှုံးတယ်။ စိုက်ဧကလျော့တယ်ဆိုတာပဲ သူတို့ ညည်းညူကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်က စဉ်းစားတာကတော့ နိုင်ငံတော်ကလည်း ရေကို ရည်မှန်းချက်တွေနဲ့ မပေးနိုင်ဘူး။ အဲဒီကြားထဲမှာက လျှပ်စစ်ခက ထပ်ကုန်နေသေးတယ်။ အလဟဿ စောင့်ရှောက်ခနဲ့ မီတာခ ပေးနေရတာ ဖြစ်တဲ့အတွက်ကြောင့် ဒါဟာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ ထိခိုက်နစ်နာပါတယ်။ အောင်မြင်မှုကတော့ (၁.၅)ကနေ (၆)ရာခိုင်နှုန်း အတွင်းပဲရှိတယ်လို့ ဒါ တရားဝင် မှတ်တမ်းတွေပါ။ တိုင်းအစိုးရကိုဖြေတဲ့ ဌာနဆိုင်ရာမှတ်တမ်းတွေကို ကျွန်တော် ကိုးကားခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို ကျွန်တော် မေးနေတဲ့အချိန်မှာတော့ ကျွန်တော်တို့ ဒါ လယ်/ဆည်ဝန်ကြီးဌာနက လုပ်ငန်းလုပ်တာ မြန်ဆန်ပါတယ်။ ကျွန်တော်တို့ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုချုပ်တစ်ယောက်ကို အဲဒီဒေသမှာ ကွင်းဆင်းပြီးတော့ လေ့လာစိစစ်မှုတွေဟာ ဇူလိုင်လအတွင်းမှာ ပြီးပြီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးအား တစ်ဆင့် မေးချင်တဲ့ မေးခွန်းလေးကတော့ (၂)ခုဖြစ်ပါတယ်။ (၁)မေးခွန်းကတော့ ဒေသကို လျှပ်စစ်ဓာတ်အား ရောက်

နေပြီ။ ၆၆ KV လိုင်းအထိအောင်ရောက်နေပြီ။ မီတာစောင့်ရှောက်ခလည်း အလကားပေးနေရမယ့်အတူတူ အဲဒီမီးနဲ့များ ပတ်ဝန်းကျင်ကျေးလက်ကို မီးပေးနိုင်မယ်ဆိုရင် (၁) ကျေးလက်မီးလင်းရေး အောင်မြင်မယ်။ နိုင်ငံတော်သမ္မတ ရည်မှန်းထားတဲ့ ကျေးလက်ဖွံ့ဖြိုးရေး အောင်မြင်မယ်။ မီးသာရှိရင် လယ်သမားဟာ ကိုယ်ထူကိုယ်ထနဲ့ အဝီစိတွင်းလေးတူးပြီးတော့ ရေကို စိုက်ပျိုးရေစုပ်တင်နိုင်တဲ့ အနေအထားရှိမယ်။ နောက်တစ်ခုက မီတာစောင့်ရှောက်ခ အလကားမပေးရဘဲနဲ့ လယ်သမားပေးသွင်းတဲ့ မီတာ အသုံးပြုခနဲ့တင် နိုင်ငံတော်က စရိတ်ကျေနိုင်တဲ့ အစီအစဉ်ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်ဟာ နစ်နာဆုံးရှုံးစရာအကြောင်း မရှိပါဘူး။ ဒါကြောင့်မိုလို့ ထိုသို့ရောက်ရှိပြီးဖြစ်တဲ့ လျှပ်စစ်နဲ့ ပတ်ဝန်းကျင်ကျေးလက်မီးလင်းရေးကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိဟာ ပထမမေးခွန်း ဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ ကျွန်တော်မေးတာ နည်းနည်းများ သွားပါတယ်။ မြစ်ရေတင်စီမံကိန်း မအောင်လို့ ပိုက်တောင်ဖြုတ်ရပြီ ဆိုရင်တော့ ဒီအတိုင်းထားမယ့်အတူတူ ပျက်စီးသွားတဲ့လယ်သားကို ပြန်ညှိပြီးတော့ စိုက်ပျိုးမြေ ပြန်ဖော်ပေးလိုက်ရင် ကောင်းမလားဆိုတဲ့ ဒုတိယမေးခွန်း ကျွန်တော်မေးထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ပြန်စဉ်းစားတဲ့အခါကျတော့ ဒါကတော့ လုပ်ပြီးသား ဖျက်ပစ်တာကလည်း နှစ်ခါကုန်တာပေါ့။ အဲဒါကို ဘတ်ဂျက်ပြည့်စုံတဲ့ တစ်နေ့မှာပြန်လည်ပြင်ဆင်ပြီးတော့ ရေကိုထိထိရောက်ရောက် ပေးနိုင်မယ်ဆိုရင်တော့ ကောင်းမယ်လို့ ကျွန်တော်မြင်ပါတယ်။

ဒုတိယမေးခွန်းကတော့ အဲဒီမေးခွန်း ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမေးခွန်းနှစ်ခုကို ဒေသခံတောင်သူလယ်သမားရဲ့ကိုယ်စား၊ တောင်သူလယ်သမားများရဲ့ မေးမြန်းချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အနောက်ခြမ်းရှိ မိုးစပါး၊ နွေစပါး စိုက်ပျိုးရာတွင် ရေဝင်ရေထွက် ကောင်းမွန်စေမည့် ယခင်ရေနုတ်မြောင်း များအား ပြန်လည်တူးဖော်ပေးရန် နှင့် ရွှေအိုးကြီး ရေထုတ်ပြွန်အား ထပ်မံတိုးချဲ့ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် က ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အနောက်ခြမ်းရှိ မိုးစပါး၊ နွေစပါး စိုက်ပျိုးရာတွင် ရေဝင်ရေထွက် ကောင်းမွန်စေမည့် ယခင်ရေနုတ်မြောင်းများအား ပြန်လည်တူးဖော်ပေးရန်နှင့် ရွှေအိုးကြီး ရေထုတ်ပြွန်အား ထပ်မံတိုးချဲ့ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ပဲ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ သိရှိလို၍ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်

အနောက်ခြမ်းရှိ မိုးစပါး၊ နွေစပါး စိုက်ပျိုးရာတွင် ရေဝင်ရေထွက် ကောင်းမွန်စေမည့် ယခင် ရေနုတ်မြောင်းများအား ပြန်လည်တူးဖော်ပေးပါရန်နှင့် ရွှေအိုးကြီးရေထုတ်ပြွန်အား ထပ်မံတိုးချဲ့ တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သနပ်ပင်မြို့နယ်ဟာ အရှေ့ဘက်မှာ စစ်တောင်းမြစ်တစ်ဘက်ကမ်းမှာရှိတဲ့ မွန်ပြည်နယ်၊ အနောက်ဘက်မှာ ပဲခူးမြစ်နဲ့ တောင်ဘက်မှာ ကဝမြို့နယ်၊ မြောက်ဘက်မှာ ပဲခူးမြို့နယ်တို့နဲ့ ကာရံထားတဲ့မြို့တစ်မြို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ အရှေ့ဘက်မှာ စစ်တောင်းမြစ်ကြီးနဲ့ ဆက်သွယ်ထားတဲ့ ပဲခူး- စစ်တောင်းတူးမြောင်းဟာ ကျွန်တော်တို့ သနပ်ပင်မြို့ရဲ့ အရှေ့နဲ့အနောက်ကို ဖြတ်ပြီးတော့ ပဲခူးမြစ်ကို စီးဆင်းလျက်ရှိပါတယ်။ အဲဒီလို စီးဆင်းတဲ့နေရာမှာ ကျွန်တော်တို့ သနပ်ပင်မြို့နယ်မှာ မိုးစပါး၊ နွေစပါးများကို အားပြုနေရတဲ့ ရေထိန်းတံခါး(၃)ခု ရှိပါတယ်။ မင်းရွာရေထိန်းတံခါး၊ ပုဂံညောင်ပင် ရေလွှဲပေါက်၊ ကျားပျံရေလွှဲပေါက်နဲ့ တာဝရေလွှဲပေါက်တို့ ရှိပါတယ်။ ကျွန်တော်တို့ သနပ်ပင်မြို့နယ်ဟာ အစဉ်အလာကောင်းပြီးတော့မှ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်တဲ့ ပဲခူးတိုင်းရဲ့ အဓိကအားထားရတဲ့ စိုက်ပျိုးရေးဒေသလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ သနပ်ပင်မြို့နယ်မှာ ၁၉၉၅-၉၆ လောက်မှစပြီးတော့ နွေစပါးစိုက်ပျိုးမှုဟာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သနပ်ပင်မြို့နယ်နဲ့အရှေ့ဘက်ကွင်းမှာ မင်းရွာရေထိန်းတံခါးနဲ့ စစ်တောင်းမြစ်နဲ့ ဆက်စပ်လျက်ရှိတဲ့ ကျွန်တော်တို့ ရေအောက်မြေတွေကို ၁၉၉၅-၉၆ လောက်မှာ စတင်ပေါ်ပေါက် လာပြီးတော့မှ စိုက်ပျိုးမြေတွေလည်း များစွာပေါ်ပေါက်ပြီးတော့မှ တောင်သူတွေ၊ ဒေသခံပြည်သူတွေ အကျိုးအများကြီး ရှိပါတယ်။ ၂၀၁၁-၁၂ ခုနှစ်မှာ မင်းရွာ၊ ကုက္ကို၊ ကလိုင်ပိုင်ကျုံ ရေနုတ်မြောင်းများ တူးဖော်ခြင်းအားဖြင့် ရေမြုပ်ဧရိယာတွေ များစွာစိုက်ပျိုးမြေအဖြစ် ပေါ်လာတာရှိပါတယ်။ ၂၀၁၂-၂၀၁၃ မှာ ၁၉၅၈ ခုနှစ်ကနေပြီးတော့မှ တူးဖော်ခဲ့တဲ့ ဧရာဝတီတူးမြောင်းကြီးဟာ ကောနေတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ဒါ ပထမအကြိမ် ပဥ္စမပုံမှန်အစည်းအဝေးမှာ တင်ပြပြီးတော့မှ နိုင်ငံတော်အစိုးရက ဖောက်လုပ်ပေးတဲ့ အတွက်ကြောင့်မို့လို့ ဒါ အရှေ့ဘက်ကွင်းကြီး တစ်ကွင်းလုံးဟာ နွေစပါးရော၊ မိုးစပါးပါ စိုက်ပျိုးမြေဧကေါင်းသောင်းကျော် ပေါ်ပေါက်ပြီးတော့မှ အကျိုးရှိနေပြီ ဖြစ်ပါတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့ သနပ်ပင်မြို့ အနောက်ဘက်ခြမ်းမှာ ရှိနေတဲ့ လယ်ယာမြေတွေဟာ မိုးစပါးနဲ့နွေစပါး စိုက်ပျိုးတဲ့နေရာမှာ ယခင်ကဲ့သို့ ရေကြီးရေနက်ကွင်းတွေ မိုးရာသီမှာ နွေရာသီမှာဆို ရေနုတ်မြောင်းတွေဟာ ချောင်းကော၊ မြောင်းကောတွေ ဖြစ်ပြီးတော့မှ ကျွန်တော်တို့ တောင်သူတွေဟာ မိမိတို့ ကြိုးစားသလောက် အကျိုးမရှိတာကို တွေ့ရပါတယ်။

ကျွန်တော်တို့သနပ်ပင်မြို့အရှေ့နဲ့အနောက်ဟာ ပဲခူးသန်လျင်ကားလမ်းကြီးကို ဖြတ်ပြီးတော့မှ ရှေ့နောက်ရယ်လို့ သာမန်အားဖြင့် ပိုင်းခြားထားတာ တွေ့ရပါတယ်။ ပဲခူး-သန်လျင်လမ်းကြီးရဲ့ အရှေ့ဘက်မှာရှိတဲ့ တစ်ဆက်တစ်စပ်တည်းရှိတဲ့ ကွင်းများဟာ မင်းရွာရေထိန်းတံခါးနဲ့ စစ်တောင်းမြစ်ကြီးကို ဆက်သွယ်ပြီးတော့မှ ရေနုတ်မြောင်းတွေ တူးဖော်ခြင်းအားဖြင့် ရေဝင် ရေထွက်တွေ ကောင်းတယ်၊ စိုက်ပျိုးမြေတွေလည်း အများကြီးပေါ်နိုင်တယ်။ သို့သော်ငြားလည်း အနောက်ဘက်ကမ်းမှာရှိတဲ့ ကျွန်တော်တို့ အားထားရတဲ့ ပုဂံ-ညောင်ပင်ရေလွှဲပေါက်၊ ကျိုက်ပတန် ရေလွှဲပေါက်နဲ့ တာဝရေထိန်းတံခါးတို့ အကြားမှာရှိတဲ့ လယ်ယာမြေများဟာ ယခင်ကဲ့သို့ပဲ ခံစားနေရတာ

တွေ့ရပါတယ်။ ရွှေအိုးကြီး ရေထွက်ပေါက်ကလည်း အရွယ်ပမာဏအားဖြင့် သေးငယ်သော်ငြား လည်း တစ်ကွင်းလုံးကို ဒီရေလွှဲပေါက်က အားထားပြီးတော့မှ ရေထုတ်ရတာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ပုဂံညောင်ပင် ရေလွှဲပေါက်နဲ့ ကျိုက်ပတန်ရေလွှဲပေါက်ဟာ အောက်မှာ ဖြစ်နေ ပြီးတော့ လယ်ယာမြေတွေဟာ အပေါ်မှာကျန်နေခဲ့သလိုမျိုးဖြစ်ပြီး သတ်မှတ်တဲ့ နွေရာသီမှာပေးတဲ့ ရေအမှတ်ကို ရောက်ရှိသော်ငြားလည်း သတ်မှတ်တဲ့နေရာထိအောင် အကျိုးသက်ရောက်မှု မရှိတာ ကိုတွေ့ရပါတယ်။

ဒါကြောင့်မို့ တောင်သူလယ်သမားများရဲ့ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းလိုတာကတော့ သနပ်ပင်မြို့နယ် အနောက်ဘက်ကမ်းမှာရှိတဲ့ လယ်ယာမြေတွေဟာ မိုး ရာသီမှာ မိုးစပါး၊ နွေစပါး စိုက်ပျိုးရလို့ ရေဝင်ရေထွက် ကောင်းမွန်စေမည့် ရေနုတ်မြောင်းများ အား ပြန်လည်တူးဖော်ပေးပါက ကျွန်တော်တို့ အကျိုးရှိမည်ဖြစ်ပြီး ပြန်လည်တူးဖော်ပေးပါရန်နှင့် ရွှေအိုးကြီး ရေထုတ်ပြွန်အား ယခု လက်ရှိအနေအထားမှ ထပ်မံတိုးချဲ့ တည်ဆောက်ပေးပါက တောင်သူများအတွက် အကျိုးရှိမည်ဖြစ်ပါသဖြင့် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၅။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်း ဆက်သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး(၂)ဦး မေးမြန်းတဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဦးခင်ဇော် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မြစ်ရေတင်စီမံကိန်း(၃)ခုတွင် ကန်ဇွန်းခုံ မြစ်ရေတင်စီမံကိန်း၊ အကျိုးပြုဧက(၅၀၀၀)နှင့် ငပိဆိပ်မြစ်ရေတင်စီမံကိန်း အကျိုးပြုဧက(၇၀၀၀) တို့အား ၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် စီမံကိန်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီး ခဲ့ပါတယ်။ ကန်ဇွန်းခုံမြစ်ရေတင်စီမံကိန်းတွင် စီမံကိန်းဆောင်ရွက်ဆဲကာလ ၂၀၀၄-၂၀၀၅ ခုနှစ်မှ စတင်ရေပေးဝေခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်အထိ စုစုပေါင်း(၂၇၃၂)ဧက ရေပေးဝေခဲ့ပါတယ်။ ငပိဆိပ်မြစ်ရေတင်စီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ခုနှစ်မှ စတင်ပြီးရေပေးဝေခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်ထိ

စပါး(၅၃)ဧက၊ အခြား(၃၀၁)ဧက၊ စုစုပေါင်း(၃၅၄)ဧက ရေပေးဝေခဲ့ပါတယ်။ မြစ်ကျိုးမြစ်ရေတင် စီမံကိန်း အကျိုးပြုဧက(၁၀၀၀၀)အား ၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိစီမံကိန်း လုပ်ငန်းတစ်ခုလုံး၏ (၅၅)ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဆောင်ရွက်ဆဲ စီမံကိန်းဖြစ်ပါတယ်။ စီမံကိန်းဆောင်ရွက်ဆဲကာလအတွင်း လျှပ်စစ်ဓာတ်အားမသုံးဘဲ Gasifier ရေတင်ပန့်များဖြင့် ရေပေးဝေနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ နွေစပါး (၂၅၀)ဧက ရေပေးဝေခဲ့ပြီး ၂၀၁၂-၂၀၁၃ နွေစပါးရာသီတွင် ရေတင်စက်တည်ရှိရာ ဧရာဝတီမြစ်အတွင်း သဲသောင်များ ဖြစ်ထွန်းမှုကြောင့် ရေပေးဝေနိုင်ခြင်း မရှိခဲ့ပါ။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်ပါ မြစ်ရေတင်စီမံကိန်းတစ်ခုတွင် ရေပိုက်လိုင်းများ ဖြုတ်သိမ်းထားကြောင်း ဖော်ပြထားမှုနဲ့ပတ်သက်၍ မြစ်ရေတင်စီမံကိန်းများ၏ သဘောသဘာဝအရ ရေပေးဝေမှုမရှိသော အချိန်များတွင် မြစ်ရေအတက်အကျ ပြောင်းလဲမှုကြောင့် ရေပေါ်ရေတင်စက်ရုံများ ဆက်သွယ်သည့် ပိုက်လိုင်းနှင့် လျှပ်စစ်လိုင်းများအား ဖြုတ်ယူ၍ စနစ်တကျ သိမ်းဆည်းထားပြီး ရေပေးဝေမည့် အချိန်မှသာ လျာထားဧကအရ လိုအပ်သည့် ပိုက်လိုင်းနှင့် လျှပ်စစ်လိုင်းအား ပြန်လည်တပ်ဆင် အသုံးပြုရခြင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားနိုင်ရေးအတွက် ဒေသခံတောင်သူလယ်သမားများနဲ့ တွေ့ဆုံရန်၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောထားမှတ်ချက် ရယူ ဆောင်ရွက်ရန် ဆိုသော ရည်ရွယ်ချက်ဖြင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ အဖွဲ့အား စီမံကိန်းဒေသသို့ ဇူလိုင်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၃၀ ရက်နေ့အထိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စေခဲ့ပါတယ်။

ဒေသတာဝန်ရှိသူများ၊ တောင်သူများနဲ့ တွေ့ဆုံဆွေးနွေးချက်အရ တောင်သူများမှ စိုက်ပျိုးရေ ဆက်လက်ရယူသုံးစွဲလိုကြောင်း၊ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် မိုးခေါင်မှုဖြစ်ပေါ်ပါက မြစ်ရေတင်စီမံကိန်းမှ မိုးစပါးပျိုးထောင်ရေ၊ ဖြည့်စွက်ရေ၊ အောင်ရေနှင့် နွေစပါး စိုက်ပျိုးရေ ရယူသုံးစွဲနိုင်ကြောင်း၊ စီမံကိန်းအလိုက် ပင်မမြောင်း၊ လက်တံမြောင်းနှင့် တူးမြောင်း အဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းပေးစေလိုပါကြောင်း၊ ရေပေးမြောင်းများ ပြုပြင်ရန် မူလ သတ်မှတ်ထားသော မြေ၊ ဖို့မြေ ရယူသည့်နေရာများမှ မြေယူဆောင်ရွက်ခြင်းကို သဘောတူညီပါကြောင်း၊ မြေယာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံမည် မဟုတ်ကြောင်း၊ လယ်ယာမြေ ဆုံးရှုံးခဲ့ပြီး နစ်နာမှုရှိသည့် တောင်သူများအတွက် စိုက်ဧကများ ပြန်လည်ဖော်ထုတ် ချထားပေးရန် မလိုဘဲ စိုက်ပျိုးရေ ပေးဝေခြင်းမပြုသည့် အချိန်များတွင် ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အား သုံးစွဲခွင့် ပြုစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲရာတွင် သက်ဆိုင်ရာဌာနများမှ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို အလေးထားလိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တွေ့ဆုံရာတွင်လည်း ဒေသခံတောင်သူလယ်သမားများ၏ လိုအပ်ချက်အတိုင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် သဘောတူကြောင်း သိရှိခဲ့ရပါတယ်။ ညှိနှိုင်းဆွေးနွေး သဘောတူချက်များအရ မြစ်ရေတင်စီမံကိန်းများအလိုက် ရေသုံးစွဲသူများအဖွဲ့ စနစ်တကျ ဖွဲ့စည်းခြင်း၊ ဌာနဝန်ထမ်းများနှင့် ရေသုံးစွဲသူများအဖွဲ့မှ စီမံကိန်းတစ်ခုချင်း

အလိုက် အသေးစိတ် ကွင်းဆင်းစစ်ဆေး၍ ဦးစားပေးပြုပြင်မည့် လုပ်ငန်းအစိတ်အပိုင်းများကို စိစစ်ရွေးချယ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခြင်း၊ နှစ်အလိုက် ရေပေးဝေဧက တိုးတက်ရရှိရေးအတွက် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆက်လက်လျာထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရေတင်စီမံကိန်း(၃)ခုတွင် ဓာတ်အားခွဲရုံများ တည်ဆောက်တပ်ဆင်ပြီးဖြစ်၍ အဆိုပါ ဓာတ်အားခွဲရုံများမှ ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အား သုံးစွဲမှုပြုရာမှာလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စီမံကိန်းရေသောက်ဧရိယာအတွင်း မြေယာဆုံးရှုံးခဲ့သော ကျေးရွာများအား ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးခြင်း၊ မြစ်ရေတင် ဓာတ်အားခွဲရုံမှ ကျေးရွာများအထိ ဓာတ်အားလိုင်း သွယ်တန်းခြင်း၊ ကျေးရွာများတွင် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းများအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြစ်ကျိုး မြစ်ရေတင် စီမံကိန်းအတွက် ဖြစ်ပေါ်လျက်ရှိသော သဲသောင်များ ဖယ်ရှားနိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ခုနှစ် ပွင့်လင်းရာသီတွင် တိုင်းတာမှုလုပ်ငန်းများဆောင်ရွက်ပြီး သဲသောင်ဖယ်ရှားခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးသွားရန် ညှိနှိုင်းထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကို ကျွန်တော် ဆက်လက်ရှင်းလင်းဖြေကြားပါမယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ၏ မေးခွန်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ် အနောက်ဘက်ခြမ်းဧရိယာမှ သနပ်ပင်-ကမာစဲ-အုန်းနဲ့ကားလမ်းနှင့် ကျိုက်ပဒိုင်လေး-မိုးခိုင်ကြီးလယ်သမားတာ အကြားတွင်ရှိ၍ အထက်ဘက်တွင် ပဲခူး-စစ်တောင်းတူးမြောင်းနှင့် အောက်ဘက်တွင် ပိုင်ကျုံရေတံခါးအထိ ကျယ်ဝန်းပါတယ်။ သနပ်ပင်မြို့နယ် အနောက်ဘက်ခြမ်းကျေးရွာများမှ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် တိမ်ကောနေသော ချောင်းများကို ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် ရေစီးရေလာ ကောင်းမွန်စေပြီး ရေနက်ကွင်းဧရိယာများ၌ ရေတော်မိုးတော် မိုးစပါးစိုက်ဧကများ ပေါ်ထွက်လာမည့် အပြင် နွေစပါးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးလာနိုင်မှာ ဖြစ်ပါတယ်။

သနပ်ပင်မြို့နယ် အနောက်ဘက်ခြမ်းကျေးရွာများမှ လယ်ယာများ ရေဝင်ရေထွက်ကောင်းမွန်စေရန်အတွက် တိမ်ကောလျက်ရှိသော ရေကျော်သိမ်ရိုးမြောင်း၊ ဇီးပင်-ထပ်ခနိမ်ချောင်း၊ နေကျော်ရိုးချောင်း၊ အပိုင်ချောင်းတို့ကို တူးဖော်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။

ပဲခူး-စစ်တောင်းတူးမြောင်း၏ တာမိုင်(၈/၀)ရှိ ရွှေအိုးကြီးရေထုတ်ပွန်ကို ပြုပြင်ပေးရန် လိုအပ်ခြင်းမရှိပါ။ ရေထုတ်ပွန်ကို စီးဝင်သည့် တိမ်ကောလျက်ရှိသော ရေခေါ်မြောင်းကို ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် သနပ်ပင်မြို့နယ်အနောက်ဘက်ခြမ်း ရေနစ်မြုပ်သည့် ဒေသမှ ရေများကို ကောင်းမွန်စွာ ထုတ်နုတ်ပေးနိုင်မည် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆည်ရေသောက်ဧရိယာဧက(၅၀၀၀)အောက် ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေသောက်စနစ် စသည့် စီမံကိန်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အုပ်ချုပ်မှုအောက်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရွှေအိုးရေထုတ်ပြွန် ရေခေါ်မြောင်း အပါအဝင် တိမ်ကောနေသော ချောင်း၊ မြောင်း(၅)ခုကို တူးဖော်ပေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံတော်အစိုးရသို့ ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိသည့်အပေါ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်း တွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦး တည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့ ဆက်သွယ်ဖောက် လုပ်ထားသည့် မိတ္ထီလာ - သဖန်း-ပင်းတလဲလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြုပြင်မွမ်းမံ ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် က မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့ ဆက်သွယ်ဖောက်လုပ်ထား သည့် မိတ္ထီလာ-သဖန်း-ပင်းတလဲလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြုပြင် မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့သရင်း မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မိတ္ထီလာမြို့နယ်နဲ့ ဝမ်းတွင်းမြို့နယ်ကို ဆက်သွယ် ဖောက်လုပ်ထားသော မိတ္ထီလာ-သဖန်း-ပင်းတလဲ ကျေးလက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ပြုပြင်မွမ်းမံပေးသွားရန် အစီအစဉ် ရှိ/မရှိ နဲ့ပတ်သက်သော မေးခွန်းကို တင်ပြမေးမြန်း သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းပါ မိတ္ထီလာ-သဖန်း-ပင်းတလဲကျေးလက် လမ်းဟာ မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။ ဒီလမ်းကို မိတ္ထီလာမြို့နယ်ဘက်မှ ညောင်စောက်အုပ်စုရှိ ကျေးရွာ(၈)ရွာ၊ ကျောက်ဖြူကုန်း ကျေးရွာအုပ်စုရှိ ကျေးရွာခွဲ(၅)ရွာ၊ အိမ်ခြေပေါင်း(၁၆၃၇)အိမ်၊ လူဦးရေ(၈၉၃၃)ဦးနဲ့ ဝမ်းတွင်း

မြို့နယ်ရှိ ကျေးရွာအုပ်စု(၈)အုပ်စုမှ ကျေးရွာ(၁၉)ရွာ၊ လူဦးရေပေါင်း(၂၀၇၈၀)ဦးတို့ အသုံးပြုလျက်ရှိသော အရေးပါတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်ခင်ဗျား။ ဒီလမ်းဟာ မိတ္ထီလာဘက် မိတ္ထီလာမှ သဖန်းကျေးရွာ၊ သဖန်းကျေးရွာထိ (၉)မိုင် (၂)ဖာလုံ ရှိပါတယ်။ မူလကတ္တရာလမ်းအဖြစ် ခင်းပေးထားသော်လည်း ယခုအခါ များစွာယိုယွင်း ပျက်စီးနေတဲ့အတွက် ရာသီမရွေးသွားလာရေး အဆင်မပြေဖြစ်လျက်ရှိနေပါတယ်။ အခက်အခဲဖြစ်ပေါ်နေပါ၍ ကျေးလက်နေပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ များစွာ အဟန့်အတား ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါတယ်။

ယခုလမ်းကို ပြန်လည်ပြုပြင် မွမ်းမံပေးမည်ဆိုပါက ကျေးလက်နေ၊ ဒေသနေ ပြည်သူများလိုအပ်ချက်ပြည့်စုံပြီး၊ ဆန္ဒပြည့်ဝလျက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်၏ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းအစီအမံများကိုလည်းများစွာ အထောက်အကူပြုမည် ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ မိတ္ထီလာ-သဖန်း-ပင်းတလဲကျေးလက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြုပြင်ပေးပါရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ထန်းပင်ကုန်း-တောင်တွင်းတန်းကျေးရွာဆက်သွယ်သည့် (၁)မိုင်ခန့်အရှည်ရှိသော မြေသားလမ်းအား ဂဝံလမ်းအဖြစ် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းက ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ထန်းပင်ကုန်း - တောင်တွင်းတန်းကျေးရွာ ဆက်သွယ်သည့် (၁)မိုင်ခန့်အရှည်ရှိသော မြေသားလမ်းအား ဂဝံလမ်းအဖြစ် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ၊ ဒုတိယဝန်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြင့်ထွန်း အနေနဲ့ သာယာဝတီ၊ လက်ပံတန်းနယ်မြေမှာ ကွင်းဆင်းတဲ့အခါမှာ ကျေးရွာဆက်လမ်းတွေ တော်တော်လေးပဲ အခြေအနေဆိုးတာကို ကျွန်တော် တွေ့ခဲ့ရပါတယ်။ အဲဒီထဲက အခြေအနေဆိုးတဲ့ လမ်းတစ်လမ်းဖြစ်တာကို ဒါ ဒီလမ်းကို ကျွန်တော် ကြယ်ပွင့်ပြမေးခွန်း အနေနဲ့ ဇူလိုင်လကတည်းက ဒါ မေးထားတာလည်း ဖြစ်ပါတယ်။

အဲဒီတော့ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်က ဒီ တာဆုံးကျေးရွာအုပ်စုမှာရှိတဲ့ ထန်းပင်ကုန်းကျေးရွာမှာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းတစ်ကျောင်း ရှိပါတယ်။

ဒီကျောင်းကို ပတ်ဝန်းကျင်ကျေးရွာ (၆)ရွာက လာတက်ပါတယ်။ ဒီရွာတွေကတော့ တောင်တွင်းတန်းကျေးရွာ၊ တာဆုံးကျေးရွာ၊ ရှားဇီးဘိုကျေးရွာ၊ ကျီးပင်းအင်းကျေးရွာ၊ မိုးကြိုးပစ်စုကျေးရွာ (၆)ရွာဖြစ်ပါတယ်။ ဒီလမ်းကို ကျောင်းသူ/ကျောင်းသားတွေ နေ့စဥ် ရဟန်းရှင်၊ ပြည်သူတွေ နေ့စဥ် ကျွန်တော်တို့ သွားလာနေတာလည်း ဖြစ်ပါတယ်။ လမ်းမှာ အခက်အခဲမျိုးစုံ ဖြစ်ပါတယ်။ နောက် ရွှံ့ဗွက်တွေက တော်တော်လေးများပြီးတော့ တစ်ခါတလေ စက်ဘီးတွေ၊ ဆိုင်ကယ်တွေ အခု မိုးရာသီမှာတော့ သူတို့ ထမ်းပြီးသွားနေတဲ့ အနေအထားတွေလည်း တွေ့ခဲ့ရပါတယ်။ ဗွက်လည်း ပေါပါတယ်။ အဲဒီတော့ ဒါကို ကျွန်တော်တို့ ထန်းပင်ကုန်းကျေးရွာနဲ့ တောင်တွင်းတန်းရွာ လမ်းရဲ့အရှည်က (၁)မိုင် လောက်ပါ ခင်ဗျား။ အကျယ်(၁၈)ပေလောက်ပဲ ရှိပါတယ်။ အဲဒီတော့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာသနာရေး ကောင်းမွန်ဖို့အတွက် ဒီလမ်းကို ဂဝံလမ်းအဖြစ် ဖြစ်နိုင်ရင် ကျွန်တော်တို့ ခင်းပေးဖို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် တင်ပြတာဖြစ်ပါတယ်။

တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဝန်ကြီးဌာနကလည်း ဒီနှစ်မှာ ဘတ်ဂျက်တွေ တော်တော်လေး အဖြတ်ခံရတယ်လို့လည်း ကြားသိရတာဖြစ်ပါတယ်။ သို့သော်လည်းပဲလာမယ့် ဘတ်ဂျက်နှစ်တွေမှာ ဒီဦးစားပေး ထည့်သွင်းပြုပြင်ပေးဖို့ အစီအစဥ် ရှိ/မရှိ ဒါ လွှတ်တော်ဥက္ကဋ္ဌကြီး ကတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အထူးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၀။**

**ဦးခင်မောင်အေး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ မေတ္တာပို့သရင်း ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာ-သဖန်း-ပင်းတလဲကျေးလက်လမ်းဟာ မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့ကိုဆက်သွယ်ဖောက်လုပ်ထားတဲ့ ကျေးလက်လမ်းဖြစ်ပြီးတော့မှ မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၂)စု၊ ကျေးရွာပေါင်း(၁၃)ရွာနှင့် ဝမ်းတွင်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများ အဓိက အသုံးပြုတဲ့လမ်းဖြစ်ကြောင်း သိရှိရပါတယ်။

မိတ္ထီလာ-သဖန်း-ပင်းတလဲကျေးလက်လမ်းဟာ မိတ္ထီလာမြို့နယ်အပိုင်းမှာ လမ်းအရှည် (၉)မိုင် (၂)ဖာလုံရှိပြီး လက်ရှိအခြေအနေမှာ ကတ္တရာလမ်းမျက်နှာပြင် အကြီးစားပျက်စီးနေတဲ့ အတွက် ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါ ကျေးလက်လမ်းအရှည် (၉)မိုင် (၂)ဖာလုံကို ကတ္တရာထပ်ပိုးလွှာခင်း ပြုပြင်မည်ဆိုပါက ငွေကျပ် (၄၆၄.၃၅)သန်းခန့် ကုန်ကျမယ် ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အထိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းချက်များအပေါ်မှာ ကတ္တရာလမ်း(၅)မိုင် (၆)ဖာလုံ၊ ကျောက် ချောလမ်း (၇၄)မိုင် (၁)ဖာလုံ၊ မြေသားလမ်း(၂၄)မိုင် (၂)ဖာလုံ၊ သစ်သားတံတား (၁၀)စင်း၊ ငွေကျပ် (၂၆၄၆.၉၂၇)သန်း လျာထားပေးပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ တင်ပြတဲ့ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာ-သဖန်း-ပင်းတလဲကျေးလက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေး ပါကြောင်း ရိုသေစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့မှ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါ တယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ တာဆုံး-ထန်းပင်ကုန်းလမ်းဟာ အရှည်(၆.၁)ဖာလုံ၊ ပျမ်းမျှအကျယ်(၈)ပေခန့် ရှိပြီးတော့ မြေသားလမ်း ဖြစ်ပါတယ်။ လက်ရှိမှာ ထော်လာဂျီနဲ့ ဆိုင်ကယ်များ သွားလာအသုံးပြု လျက်ရှိပြီး ကျေးရွာ(၇)ရွာရှိ လူဦးရေ(၂၆၆၅)ဦးကို အကျိုးပြုတဲ့လမ်းဖြစ်ကြောင်း သိရှိရပါတယ်။

အဆိုပါလမ်း (၆.၁)ဖာလုံအား စံချိန်စံညွှန်းနှင့်အညီ မြေသားလမ်း ဆောင်ရွက်ပါက ငွေကျပ်(၃.၄)သန်း၊ တည်ဆောက်ရန် လိုအပ်တဲ့ ကွန်ကရစ်ရေပြွန်(၂)စင်း၊ ငွေကျပ်(၃.၅)သန်း၊ ဂဝံ လမ်း ငွေကျပ်(၁၅)သန်း၊ စုစုပေါင်းငွေကျပ်(၂၁.၉)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဒီလက်ပံတန်းမြို့နယ် အတွင်း မှာရှိတဲ့ ကျောက်ချောလမ်း (၄)ဖာလုံ၊ မြေသားလမ်း (၃)မိုင် (၆)ဖာလုံနှင့် တံတားနှင့် ရေပြွန်(၄၈) ပေတို့ကို ဆောင်ရွက်ဖို့ ရန်ပုံငွေကျပ်(၁၁၃.၈၉၅)သန်း လျာထားပေးပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တာဆုံး-ထန်းပင်ကုန်းလမ်းကို ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့် လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၅-၆-၂၀၁၃ ရက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၁၈-၇-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကိုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀:၅၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၄-၁၀-၂၀၁၃ ရက် (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ အစည်းအဝေးမှာ မွန်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ ခေါင်းပေါင်း စတင်ပေါင်းလာတဲ့နေ့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလို ပြည့်ပြည့်စုံစုံ ဝတ်စားဆင်ယင်လာတဲ့အတွက် တိုင်းရင်းသားရဲ့ ဝတ်စားဆင်ယင်မှုကို လွှတ်တော်က လေးစားမြတ်နိုးတန်ဖိုးထားစွာ မှတ်တမ်းတင်ကြောင်း ကြေညာ အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပထမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၅၆ နာရီအချိန်တွင် ရပ်နားပါသည်။]